


**မူရင်းဖန်တီးသူတို့၏ ရှင်းလင်းချက်**

၂၀၀၀ခုနှစ် ဇန်နဝါရီလမှာ အေပီသတင်းထောက် အပီချက်ပီရာဝေါင်က အသက်ဆယ့်နှစ်နှစ်အရွယ်
အမွှာညီအစ်ကို နှစ်ယောက်ကို ဓာတ်ပုံရိုက်ခဲ့ပါတယ်။
ဒီအမွှာနှစ်ယောက်က လူ ၈၀၀ ဦးကို ဓားစာခံအနေနဲ့ ပြန်ပေးဆွဲထားတဲ့ ဆေးရုံကို ထိုင်းရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းပြီးနောက်
မကြာခင်ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံဖြစ်တယ်။ ပီရာဝေါင်ရဲ့ ဓာတ်ပုံဟာ တမဟုတ်ချင်း ကမ္ဘာအနှံ့ ပျံ့နှံ့လို့သွားတယ်။
ကလေးဘဝပျောက်ဆုံးနေတဲ့ ကလေးဘဝဓာတ်ပုံအဖြစ် မှတ်တမ်းဝင်ခဲ့တယ်။
ဆေးလိပ်ကို မပြတ်သောက်နေတဲ့ ကလေးနှစ်ယောက်၊ သူတို့မျက်လုံးတွေဟာ အသက်ငါးဆယ်အရွယ် လူတစ်ယောက်ရဲ့မျက်လုံးတွေလို
မောပန်းနွမ်းနယ်လို့နေတယ်။
တစ်ခြားလူတွေလိုပဲ ဒီဓာတ်ပုံက ကျွန်တော့်ကို စိတ်ထိခိုက်စေခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ကလေးဘဝအကြောင်း၊
ဆိုးရွားခက်ထန်တဲ့ အခြေအနေမှာရှင်သန်ရတဲ့ ဘဝအကြောင်းနဲ့ ကိုယ့်ကိုယ်ကို နားလည်ဖို့
ဒီဓာတ်ပုံကိုကြည့်ရင်း နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရတယ်။
ဒီဓာတ်ပုံဟာ ဂျော်နီနဲ့ လူသာထူး အမွှာညီအစ်ကိုရဲ့ ဓာတ်ပုံပါ။
၁၉၉၀ ခုနှစ်နှောင်းပိုင်းတွေမှာ မြန်မာပြည်အရှေ့ပိုင်းက ကရင်ဗိုလ်ကဲ့သည်တွေကိုဦးဆောင်ပြီး
သူတို့နှစ်ယောက်ဟာ God's Army အမည်နဲ့ သူတို့ရဲ့မြေတွေကို သိမ်းပိုက်ခဲ့တဲ့ မြန်မာစစ်တပ်ကို ပြန်တိုက်ခိုက်ခဲ့တယ်။
ထိုညီအစ်ကို နှစ်ယောက်ကို ဗျာရီဝင်နတ်တွေက စောင့်ရှောက်ခဲ့တယ်လို့ဆိုကြတယ်။
သူတို့မှာ မှော်အစွမ်းတွေရှိတယ်၊ ကျည်ဆန်တွေနဲ့ မိုင်းတွေကို သူတို့ ကာကွယ်နိုင်တယ်လို့ ပြောကြတယ်။
သူတို့နှစ်ယောက်ဟာ သမ္မာကျမ်းစာကို တစ်ကြိမ်တောင် မဖတ်ဖူးဘဲနဲ့ အလွတ်ရနေကြတယ်။
ကျွန်တော်တို့ ဒီစာအုပ်ကို စတင်ဖန်တီးတဲ့အချိန်မှာ ပီရာဝေါင်ရဲ့ ဓာတ်ပုံကိုကြည့်ပြီး အနုပညာရှာန်ဝင်စားခဲ့ရပါတယ်။
နတ်တွေအကြောင်းလည်း လေ့လာခဲ့ရတယ်။ ကျွန်တော်တို့ ကိုယ်ပိုင်အနုပညာလက်ရာဖန်တီးတဲ့အခါ
သီးခြားနယ်မြေတစ်ခုမှာတည်ဆောက်ပြီး ဝတ္ထုဇာတ်လမ်းဖွဲ့ခဲ့ပါတယ်။ လူသာ ဟာ ခုတော့ ဆွီဒင်နိုင်ငံမှာ နေထိုင်ပါတယ်။
ဂျော်နီကတော့ ထိုင်းဒုက္ခသည်စခန်းမှာရှိနေဆဲဖြစ်ပြီး နယူးဇီလန်မှာရှိတဲ့ သူ့အမေဆီသွားဖို့ စောင့်ဆိုင်းနေတယ်။
ကျွန်တော်တို့အတွက်တော့ ကျွန်တော်တို့ ဘယ်တော့မှ နားလည်မှာမဟုတ်တဲ့ ဓာတ်ပုံတစ်ပုံထဲက သူတို့နှစ်ယောက်ဟာ
အမြဲတမ်း ဆယ့်နှစ်နှစ်အရွယ်ပဲ ဖြစ်နေတော့မှာပါ။